# ဝါတွင်းကာလ ပထမတနင်္ဂနွေနေ့

ရှင်လုကာ ၄း၁-၁၃

နေ့စဉ်နေ့တိုင်း ဘယ်လိုနှောက်ယှက်ခြင်းတွေပဲကြုံကြုံ ကျနော်တို့ ယုံကြည်ခြင်းအတိုင်း မတိမ်းမစောင်းပဲ ရပ်တည်နေနိုင်ဖို့ အရေးကြီးပါတယ်။ ယနေ့ဖတ်ရတဲ့ ပထမကျမ်း တရားဟောရာကျမ်း ၂၆ ထဲမှာ မိုးဇယ်က သူ့လူမျိုး အီဇရာအဲလ်လူတွေကို ယုံကြည်ဝန်ခံခိုင်းပါတယ်။ ဘုရားက သူတို့ကို အီဂျစ်ပြည်ကျွန်ဘဝမှ တန်ခိုးတွေ အမျိုးမျိုးပြပြီး ကယ်တင်ခဲ့ကြောင်း၊ တောကန္တာရထဲမှာ နှစ်ပေါင်း ၄၀ ကျွေးမွေးစောင့်ရှောက်ခဲ့ကြောင်း၊ ကတိထားတဲ့ ကာနန်ပြည်သို့ ခေါ်ဆောင်ခဲ့ကြောင်းတွေကို ဘယ်တော့မှ မမေ့ကြဖို့ ယုံကြည်ဝန်ခံခိုင်းပါတယ်။

ကျနော်တို့ အခုချိန်အခါမှာလည်း မဿားတရားအတွင်းမှာ နက်နဲလှသော ယုံကြည်ရာကို ကြွေးကြော်ကြသလိုပေါ့ "ခရစ်တော်သခင် အသေခံတော်မူပြီ၊ ခရစ်တော်သခင် ရှင်ပြန်ထမြောက်တော်မူပြီ၊ ခရစ်တော်သခင် ဘုန်းဂုဏ်တော်နှင့် တစ်ဖန်ကြွလာတော်မူမည်" ကျနော်တို့ ဘဝမှာ ဘယ်လိုနှောက်ယှက်ခြင်းတွေပဲကြုံကြုံ အဲ့ဒီလို ယုံကြည်မျှော်လင့်နိုင်ရပါမယ်။

ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ရောမမြို့သားတို့ထံရေးသောစာမှာ ရှင်ပေါလူးက "ယေဇူးခရစ်တော်ဟာ အရှင်သခင်ဖြစ်ကြောင်း နှလုံးသားထဲက ယုံကြည်ဖို့၊ ပြုမူကျင့်ကြံပြောဆိုပုံအားဖြင့်လည်း ဝန်ခံဖို့" ရေးသားထားပါတယ်။ အဲ့လိုယုံကြည်ဝန်ခံသူဟာ ကယ်တင်ခြင်းရလိမ့်မယ် တဲ့။ ယေဇူးဘုရားရှင်ဟာ ဒုက္ခခံ၊ အသေခံ၊ သေရာမှပြန်ရှင်ခြင်းအားဖြင့် ကျနော်တို့က သိလာရပြီ၊ ဩော် . . . ဘုရားဆိုတာ ဒုက္ခခံအသေခံတဲ့အထိ ငါတို့ကို ချစ်ပါ့လား ၊ သေရာမှပြန်ရှင်နိုင်တဲ့အထိ တန်ခိုးကြီးပါလားဆိုတာတွေကို ကျနော်တို့ သိလာရပြီ။ ဒါတွေကိုလည်း

နောင်အစဉ်အဆက် ယုံကြည်ဝန်ခံနေဖို့ လိုအပ်ပါတယ်။

ကျနော်တို့ ပါးစပ်ကလေးနဲ့တင် ယုံကြည်ဝန်ခံနေတာမျိုး မဖြစ်စေရပဲ ကိုယ့်ဘဝ အသက်ရှင်နေထိုင်ပုံနဲ့လည်း သက်သေပြရပါတယ်။ ဒါကြောင့် သေရာမှရှင်ပြန်ထမြောက်တဲ့ ပါစကားပွဲအခမ်းအနားမှာ ဆေးကြောခြင်း ကတိသစ္စာကို ထပ်မံပြုကြတဲ့အခါ ယုံကြည်ဝန်ခံရုံတင်မကဘူး နေ့စဉ်ဘဝ အသက်ရှင်နေထိုင်ရာမှာလည်း နတ်ဆိုးကို ပစ်ပယ်ပါတယ်ဆိုတဲ့အကြောင်း ကတိပေးရပါသေးတယ်။ ဒီလို လက်တွေ့ကျကျ ဘုရားကို ယုံကြည်ဝန်ခံတဲ့သူတွေဟာ ကယ်တင်ခြင်း ခံကြရပါလိမ့်မယ်။ ဒါကြောင့် ရှင်ပေါလူးက “ကျမ်းစာတော်မြွက်၌ ကိုယ်တော့်ကို ယုံကြည်သောသူသည် အရှက်တကွဲမဖြစ်နိုင်ရာ ဟုလာ၏” တဲ့။

ဘုရားသခင်ကို ရိုးရိုးသားသားနဲ့ စိတ်နှလုံးသားက ယုံကြည်တဲ့သူဟာ သူ့ရဲ့နေထိုင်ကျင့်ကြံပုံကအစ ဘုရားဖြစ်စေချင်တဲ့အတိုင်း ပြောင်းလဲလာတာကို မြင်တွေ့ရစမြဲပါပဲ။ ဒါက ယေရှုဘုရားရှင် နတ်ဆိုးကို မိန့်တော်မူတဲ့စကားအတိုင်းပါပဲ “သင်၏အရှင် ထာဝရဘုရားသခင်ကို ရှိခိုးကိုးကွယ်ရမည်။ ကိုယ်တော်တစ်ပါးတည်းကိုသာ အစေခံရမည်” တဲ့။ ရှိခိုးကိုးကွယ်ရုံတင်မကဘူး၊ လက်တွေ့ဘဝမှာလည်း ဘုရားကိုသာ အစေခံပြီး နေထိုင်ရမယ်လို့ ဆိုလိုပါတယ်။ ဒါကြောင့် ယုံကြည်ဝန်ခံတာက ပါးစပ်ကလေးနဲ့တင်မကဘူး။ ဘဝအသက်ရှင်နေထိုင်ပုံနဲ့လည်း သက်သေခံရတယ်။

ကျနော်တို့ဟာ လောကထဲမှာ နေထိုင်အသက်ရှင်ကြရင်းနဲ့ လောကဆန်လာတတ်ကြပါတယ်။ ကိုယ်က ဘုရားရဲ့သားသမီးပီပီ နေထိုင်ဖို့ မေ့လျော့တတ်ကြပါတယ်။ ဘုရားရဲ့သားသမီးလို နေထိုင်ဖို့က ဘုရားရဲ့သားတော် ယေရှုခရစ်တော်နေထိုင်ကျင့်ကြံပုံအတိုင်း

အတုယူရပါမယ်။ ယေရှုဘုရားရှင်က နတ်ဆိုးရဲ့နှောက်ယှက်ခြင်းတိုင်းကို ငြင်းပယ်သလို ကျနော်တို့လည်း နှောက်ယှက်ခြင်းတွေကို ငြင်းပယ်ရပါမယ်။ ဘုရားရဲ့သားသမီးမို့လို့ ဘုရားကိုသာ နာခံမယ်၊ ဘုရားကိုသာ ရှိခိုကိုးကွယ်မယ်၊ ဘုရားကိုသာ ယုံကြည်စိတ်ချမယ်။

ဘုရားရဲ့သားသမီးဖြစ်မှန်း ကျနော်တို့ သိကြပေမဲ့ တကယ်ရော ဘုရားကို စိတ်ချရဲ့လားဆိုတာ နတ်ဆိုးက နှောက်ယှက်တတ်ပါတယ်။ "သင်သည် ဘုရားရဲ့သားတော်ဖြစ်တယ်ဆိုရင် ကျောက်ခဲတွေကို မုန့်ဖြစ်အောင် လုပ်စားပါ့လား။ သင်သည် ဘုရားရဲ့သားတော်ဖြစ်တယ်ဆိုရင် သင့်ကို ဘုရားက တကယ်စောင့်ရှောက်/မရှောက် အောက်သို့ ခုန်ချကြည့်ပါ့လား။" လို့ နှောက်ယှက်တာပါပဲ။ သခင်ယေရှုက ဗိုက်ဆာနေတာမှန်ပေမဲ့ ကိုယ့်ကောင်းကျိုးအတွက် ကိုယ် တန်ခိုးမလုပ်ပါဘူး။ လူက မုန့်/အစားအစာနဲ့ပဲ အသက်ရှင်ရတာမှ မဟုတ်တာ။ စားပြီး ရှင်နေရတာ၊ စားပြီးရှင်နေရတာ မဟုတ်ပါဘူး။ ဘုရားရဲ့ နှုတ်တော်ထွက်စကားကို ကျင့်ကြံပြီး ရှင်နေရတာပါ။ စားပြီးရှင်ရုံလေးသက်သက်ကတော့ တိရစ္ဆာန်လို ဖြစ်သွားမှာပေါ့။

ဘုရားက ကိုယ့်ကို တကယ်စောင့်ရှောက်/မရှောက် စုံစမ်းစရာ မလိုပါဘူး။ ဘုရားက ငါဆုတောင်းထားတဲ့အတိုင်း ငါ့ကို ပြန်လည်ကျန်းမာလာစေမလား စောင့်ကြည့်နေစရာလည်း မလိုပါဘူး။ တကယ်ယုံကြည်စိတ်ချရင် ဘုရားရဲ့လက်တော်ထဲကိုသာ အပ်နှံထားပါ။ သူ့ဖါသာသူ ဘုရားက ကောင်းသလို ကြည့်လုပ်သွားလိမ့်မယ်။ အဲ့လို တစ်ထစ်ချ ယုံကြည်ထားဖို့ လိုအပ်ပါတယ်။ ဘုရားကို စုံစမ်းနေစရာ မလိုအပ်ဘူး။

ယေရှုဘုရားရှင်က ခံထမ်းပြတဲ့ ယနေ့နှောက်ယှက်ခြင်း ၃ ခုစလုံးကို ဘုရားရဲ့နှုတ်တော်ထွက်စကား/ ကျမ်းစာစကားနဲ့ပဲ ချေပလိုက်ပါတယ်။

“လူသည် အစားအစာဖြင့်သာ မဟုတ်၊ ဘုရားသခင်၏ နှုတ်တော်ထွက်စကား အားဖြင့်လည်း အသက်ရှင်ရမည်” တဲ့။ နောက်တစ်ခု ယေရှုဘုရားရှင် အသုံးပြုတဲ့ကျမ်းပိုဒ်ကတော့ “သင်၏အရှင် ထာဝရဘုရားသခင်ကို ရှိခိုးကိုးကွယ်ရမည်။ ကိုယ်တော်တစ်ပါးတည်းကိုသာ အစေခံရမည်” တဲ့။ နောက်ဆုံး အသုံးပြုတဲ့ ကျမ်းပိုဒ်ကတော့ “သင်၏အရှင် ထာဝရဘုရားသခင်ကို စုံစမ်းခြင်းမပြုရ” ဆိုတဲ့ ကျမ်းပိုဒ်တွေပဲ ဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ ကျမ်းစာထဲကပါတဲ့ စကားတွေပဲ ဖြစ်ပါတယ်။ ကျမ်းစာစကားတွေက “နှစ်ဖက်သွားဓါး” လိုပဲ အစွမ်းထက်တယ်ဆိုတဲ့အကြောင်း ရှင်ပေါလုက ရေးသားထားပါတယ်။

ဒါကြောင့် နတ်ဆိုးရဲ့နှောက်ယှက်ခြင်းတွေကို ခုခံတွန်းလှန်နိုင်ဖို့က ကျမ်းစာစကားတွေရဲ့လမ်းညွှန်ရာကိုသာ လိုက်နာပါ။ နတ်ဆိုးကို သင်က အနိုင်ရပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။